ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date – 18/4/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်နီ(ကယား)ပြည်နယ်

ဧပြီလ(၁၇)ရက်နေ့ညနေ(၃:၃၅)နာရီခန့်က ဖရူဆိုမြို့နယ်၊ လောကျောခူရွာသစ်နှင့်ထားလဲကျေးရွာကြားတွင် စကစတပ်ကို KA,KNDFတို့ပူးပေါင်းပြီး မိနစ်(၃၀)ကြာ ခုခံတိုက်ခိုက်ခဲ့ရာ စကစတပ်သား(၁) ဦးကျဆုံးပြီး ထိခိုက်ဒဏ်ရာ အချို့ရရှိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

ဧပြီလ(၁၇)ရက်နေ့ညနေ(၆)နာရီခန့်က တမူးမြို့နယ်၊ တမူးမြို့၊ မြို့မ(၁၂/က)ရပ်ကွက်၊ နန်းဖာလုံ (ထခွဲ) ကျောင်းတွင်တပ်စွဲထားသော စကစတပ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(တမူး)၊ တပ်ရင်း (၁/၂)၏အထူးကွန်မန်ဒိုရဲဘော်များက အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စကစတပ်သား(၄)ဦး သေဆုံးခဲ့ပြီး ပြည်သူ့ကာကွယ်ရေးရဲဘော်များ အထိအခိုက်မရှိ ပြန်လည်ဆုတ်ခွာနိုင်ခဲ့သည်။

မန္တလေးတိုင်း

ဧပြီလ(၁၈)ရက်နေ့မနက်(၂)နာရီခန့်က ကျောက်ဆည်မြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် (၃၃၅)မိုင်(၁)ဖာလုံတွင် ဗိုလ်မှူးကြီးအဆင့်ဦးဆောင်၍ တပ်စွဲထားသော စကစကင်းဂိတ်စခန်းကို ကျောက်ဆည်နဂါးနီပြောက်ကျားအဖွဲ့က လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ စကစတပ်သားများ ထိခိုက်မှုများပြားနိုင်ကြောင်း သိရသည်။

တနင်္သာရီတိုင်း

ဧပြီလ(၁၇)ရက်နေ့နေ့လယ်(၁)နာရီခန့်က ပုလောမြို့နယ်၊ ပုလောပြည်သူ့ကာကွယ်ရေးတပ်မတော် (PPDF) နှင့်ပုလောပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ) အဖွဲ့များပူးပေါင်းထားသည့်တပ်ဖွဲ့များက စကစတပ်သားများကို ပုလောမြို့အခြေစိုက် ခလရ(၂၈၅)မရောက်ခင် တောင်ဝိုင်းကွေ့တွင် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား (၂)ဦးကျဆုံးခဲ့ပြီး တချို့ဒဏ်ရာပြင်းထန်ရခဲ့သည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

ရှမ်းပြည်နယ်

ဧပြီလ(၁၈)ရက်နေ့က ရွာငံမြို့နယ်တွင် စကစများပိတ်ဆို့စစ်ကြောင်းထိုးလျက်ရှိပြီး၊ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။စကစများက ပြည်သူပိုင်နေအိမ်(၇)လုံးကိုမီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံများကို ဖမ်းဆီးနှိပ်စက်မှုများပြုလုပ်ခဲ့သည်။

မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။

စစ်ကိုင်းတိုင်း

- ဧပြီလ(၁၈)ရက်နေ့ညနေ(၄:၅၆)နာရီခန့်က ကန့်ဘလူမြို့နယ်၊ ပင်သာကြီးကျေးရွာသို့ ပျူစောထီး (၂၆)ဦး ဝင်ရောက်ခဲ့ပြီး ဒေသခံအပြစ်မဲ့ပြည်သူ (၁) ဦးကို ဖမ်းဆီးထားသည်။
- ဧပြီလ(၁၇)ရက်နေ့မနက်ပိုင်းက ကျွန်းလှမြို့နယ်၊ သဖန်းဆိပ်ဆည်အနောက်ခြမ်းဒေသ၊ ကုန်းစည်း ကျေးရွာရှိ ပြည်သူပိုင်နေအိမ်(၇)လုံးကို စကစများက မီးရှို့ဖျက်ဆီးခဲ့သည်။

မကွေးတိုင်း

ဧပြီလ(၇)ရက်နေ့မှဧပြီလ(၁၅)ရက်နေ့အထိ ပေါက်မြို့နယ်တောင်ပိုင်းရှိကျေးရွာများဖြစ်သော တောင်ဘက်၊ ဇီးတော၊ အင်းငယ်ဒေါင့်၊ ဘို့မယ်၊ တောင်ချို၊ ဒိန်းကွင်း၊ ကျောက်အိုး၊ လက်ပံလှ၊ တံစူး၊ ကိုင်းမ၊သက္ကယ်ကျင်း စသည့် ကျေးရွာ(၁၁)ရွာကို စကစများက ဝင်ရောက်စီးနင်းကာ ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံပြည်သူ(၁)သောင်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ကာ အရေးပေါ်ကူညီထောက်ပံ့မှုများလိုအပ်လျက်ရှိသည်။ မကြာခင်ကာလအတွင်း မိုးဦးကျရောက်တော့မည်ဖြစ်သောကြောင့် အမိုးအကာများနှင့် စစ်ဘေးရှောင်များ အတွက် အခြေခံစားသောက်ကုန်များ၊အမိုးအကာ၊အဝတ်အထည်များနှင့်ဆေးဝါးပစ္စည်းများ လိုအပ်လျက် ရှိနေသည်။

ရန်ကုန်တိုင်း

ဧပြီလ(၁၈)ရက်နေ့က တွံတေးမြို့နယ်၊တလုပ်ထော်ကျေးရွာ၊အောက်ကျင်းစာသင်ကျောင်းအနီးတွင် လူငယ် (၁)ဦးကို စကစများက ဖမ်းဆီးသွားခဲ့သည်။